ပုံစံ(၁၁)

## ခုံသမာဓိကောင်စီ

## ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

## ခုံအဖွဲ့

၂၀၁၅ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၄၂/၂၀၁၅)

| | |
|---|---|
| ဦးမျိုးဇော်လတ်(ကျွမ်းကျင်-၅)<br>ပန်ဒါချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ<br>(ပလိပ်)၊ စဉ့်ကိုင်မြို့နယ်။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဒေါ်လီလီစန်း(ပိုင်ရှင်)<br>ပန်ဒါချည်မျှင် အထည်နှင့် အချောကိုင်စက်ရုံ<br>(ပလိပ်)၊ Panda Textile Co.,Ltd ၊<br>နောက်တော်ပါရပ်ကွက်၊ စဉ့်ကိုင်မြို့နယ်။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်

## ဆုံးဖြတ်ချက်

၁။ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ နောက်တော်ပါရပ်ကွက်ရှိ ပန်ဒါချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ(ပလိပ်) ပိုင်ရှင် ဒေါ်လီလီစန်းနှင့် အလုပ်သမား ဦးမျိုးဇော်လတ်(ကျွမ်းကျင်-၅)တို့အကြားဖြစ်ပွားသော အငြင်းပွားမှုကို စဉ့်ကိုင်မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဖျန်ဖြေရာတွင် ပြေလည်မှုမရရှိသည့်အတွက် လွှဲအပ်ခဲ့သဖြင့် မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ်(၅/၂၀၁၅)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ၊ ၁၄ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

#3371 P 002



၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူက တောင်းဆိုခြင်းခံရသူထံတွင် မူလရာထူး၊ မူလလစာဖြင့်အလုပ်ပြန်လည်ခန့်ထားပေးရန်နှင့်ကြားကာလနစ်နာကြေးပေးရန် တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် အဆိုပါခုံသမာဓိအဖွဲ့က ကောက်ချက်(၁)ချက်ရေးဆွဲပြီး၊ အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုသူမှ အောက်ပါကောက်ချက်အပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** အလုပ်သမား ဦးမျိုးဇော်လတ်(ကျွမ်းကျင်-၅)သည် အလုပ်မှ ထုတ်ပယ်ခြင်းခံရသဖြင့် မူလရာထူးနှင့် လုပ်ခလစာဖြင့် အလုပ်ပြန်လည်ခန့်ထားပေးရန်နှင့် ကြားကာလနစ်နာကြေးရရှိရန် တောင်းဆိုခြင်း။

**ဆုံးဖြတ်ချက်အမှတ်(၁)။** ဦးမျိုးဇော်လတ်အား အလုပ်ပြန်လည်ခန့်ထားပေးရန် မလိုကြောင်း ဆုံးဖြတ်သည်။

၅။ အဆိုပါ ဆုံးဖြတ်ချက်အပေါ် ပြန်လည်ဆုံးဖြတ်ပေးပါရန် ခုံသမာဓိကောင်စီသို့ ဆက်လက်တင်ပြ လျှောက်ထားခဲ့သည့်အတွက် ခုံသမာဓိကောင်စီက အငြင်းပွားမှုအမှတ်(၄၂/၂၀၁၅)အဖြစ် ပြန်လည်ကြားနာစစ်ဆေးဆုံးဖြတ်ပေးရန် အစိုးရ ကိုယ်စားလှယ် ဦးအောင်စံတင် (ဥက္ကဋ္ဌ)၊ အဖွဲ့ဝင်များအဖြစ် အလုပ်ရှင်ကိုယ်စားလှယ် ဦးသန်းမောင်၊ အလုပ်သမားကိုယ်စားလှယ် ဦးဌေးတို့ပါဝင်သည့် ခုံအဖွဲ့ကိုဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၆။ အထက်ပါကောက်ချက်အမှတ်(၁) အပေါ်စဉ်းစားသုံးသပ်ဆုံးဖြတ်နိုင်ရန်အတွက် ဤခုံအဖွဲ့၏ရှေ့မှောက်တွင် လိုအပ်သည့်အချက်အလက်အထောက်အထား ပြည့်စုံစွာရရှိထားပြီးဖြစ်သည့်အတွက်၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေများ၊ အပိုဒ် ၂၃ (က)ပါ သတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာအငြင်းပွားသူများကို ခုံအဖွဲ့ရှေ့မှောက်သို့ ထပ်မံခေါ်ယူစစ်ဆေးကြားနာခြင်း မပြုတော့ဘဲ အောက်ပါအတိုင်းဆုံးဖြတ်ချက်ရေးဆွဲချမှတ်ခဲ့သည်-

**ကောက်ချက်အမှတ်(၁)။** မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၅/၂၀၁၅) ဆုံးဖြတ်ချက်အပေါ်ကျေနပ်မှုမရှိ၍ ဦးမျိုးဇော်လတ် (ကျွမ်းကျင် - ၅)မှ အယူခံလျှောက်ထားလာခြင်း။

**သုံးသပ်ချက်အမှတ်(၁)။** မူလ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်၏ ၉-၃-၂၀၁၅ ရက်စွဲပါအပိုဒ် ၇-(၅) ခွင့်မဲ့ပျက်ကွက်ခြင်း (ဂဂ) ၌ အလုပ်ရှင်/စီမံအုပ်ချုပ်သူ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲခွင့်မဲ့တစ်ဆက်တည်း ၃ ရက် (အလုပ်ပိတ်ရက်မပါ)ပျက်ကွက်ပါက လိုအပ်သလို အပြစ်ပေးအရေးယူခြင်း(သို့မဟုတ်) တာဝန်မှရပ်စဲခြင်းများ ပြုလုပ်နိုင်သည်။ တာဝန်မှရပ်စဲခြင်းအတွက် မည်သည့်နစ်နာကြေးကိုမျှ ပေးမည်မဟုတ်ပါဟုပါရှိသည်။ သို့သော် ယင်းအလုပ်ခွင်စည်းကမ်းကို ၁၀-၃-၂၀၁၅ နေ့စွဲဖြင့် ပြင်ဆင်ဖြည့်စွက်ခဲ့ရာတွင် "ကြီးလေး

သောပြစ်မှုစည်းကမ်းချက်များ” အပိုဒ် ၇ ၌ “သက်ဆိုင်ရာဌာနအကြီးအကဲ တာဝန်ခံများ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ခွင့်မဲ့တစ်ဆက်တည်း (၃) ရက်ပျက်ကွက်ခြင်း(သို့မဟုတ်)တစ်လအတွင်း ခွင့်မဲ့အလီလီ(၅) ရက်ပျက်ကွက်ခြင်း” ဟုပါရှိလာခဲ့သည်။ ယင်းပြင်ဆင်ချက်ကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (မြို့နယ်ရုံး)၊ အမရပူရ မြို့နယ်ရုံး၏ (၁၂-၆-၂၀၁၅) ရက်စွဲပါစာအမှတ် - ၂၅/၂/အလည-မ(ဒေညို)၁၅(၀၇၃)အရ ထုတ်ပြန်ခဲ့ပြီး စက်ရုံအလုပ်ရုံတွင် ကြော်ငြာသင်ပုန်းများဖြင့် ကပ်ထားကြောင်းပေါ်လွင်သည်။ တစ်ဦးချင်းအလုပ်ခန့်ထားမှုစာချုပ်များတွင်မူပြင်ဆင်ခဲ့ခြင်းမရှိသော်လည်း ယင်းနောက်ပိုင်း အလုပ်ခန့်ထားမှုစာချုပ်များတွင်မူ စည်းကမ်းသစ်များအတိုင်း ချုပ်ဆိုခဲ့သည်ဟု ပေါ်ပေါက်သည်။ လျှောက်ထားသူ ဦးမျိုးဇော်လတ်သည် အလုပ်သမားခေါင်းဆောင် တစ်ဦးဖြစ်သည်နှင့်အညီ ယင်းပြောင်းလဲသော စည်းကမ်းကိုသိရှိပြီးသူဖြစ်သည်ဟု ခုံအဖွဲ့က သုံးသပ်သည်။ ယင်းစည်းကမ်းသစ်ကို ကန့်ကွက်တင်ပြချက်ပြုခဲ့ကြောင်း တစ်စုံတစ်ရာမတွေ့ရှိခဲ့သဖြင့် ယင်းစည်းကမ်းများအတိုင်း လိုက်နာရမည့် အလုပ်သမားဖြစ်သည်မှာ သံသယမရှိချေ။

ဦးမျိုးဇော်လတ်သည် ၂၀၁၅ ခုနှစ်၊ မေ၊ ဇွန်၊ ဇူလိုင် လများအတွင်း ခွင့်မဲ့ပျက်ကွက်မှုကြိမ်ဖန်များစွာကျူးလွန်ခဲ့သည်မှာ အငြင်းမပွားချေ။

ထို့ကြောင့် မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ်(၅/၂၀၁၅)ပါဆုံးဖြတ်ချက်သည် လုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်ကန်ကြောင်း သုံးသပ်ရရှိသည်။

**ဆုံးဖြတ်ချက်အမှတ်(၁)။**

မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ (၁၄-၈-၂၀၁၅) ရက်နေ့တွင် ချမှတ်ခဲ့သော အငြင်းပွားမှုအမှတ်(၅/၂၀၁၅)ပါဆုံးဖြတ်ချက်ကို အတည်ပြုသည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသောနေ့ရက်မှစ၍ အာဏာတည်စေရမည်။

| ဦးသန်းမောင် | ဦးအောင်စံတင် | ဦးငွေး |
| --- | --- | --- |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |